## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၀၃၂/၂၀၁၃)

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အောက်ပါအရာထမ်း (၂) ဦးတို့အား ၎င်းတို့၏ ကိုယ်တိုင်လျှောက်ထားချက်၊ ဌာနကြီးမှူးတို့၏ထောက်ခံ တင်ပြချက်နှင့် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၃) ၏ သဘောတူခွင့်ပြုချက်အရ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့မှစ၍ ၎င်းတို့နှင့်ယှဉ်တွဲပါအတိုင်း ပြောင်းရွှေ့တာဝန်ချထားလိုက်သည် -

| စဉ် | အမည်/ ကိုယ်ပိုင်အမှတ် | လက်ရှိရာထူး/ဌာန | ပြောင်းရွှေ့တာဝန်ချထားသည့် ရာထူး/ဌာန |
|---|---|---|---|
| ၁။ | ဦးမျိုးမြင့် (၃၉၀၁၁၆) | အင်ဂျင်နီယာမှူး ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး စစ်တွေမြို့၊ ရခိုင်ပြည်နယ် | အမှုဆောင်အင်ဂျင်နီယာ (ခ) ကောင်းကင်ဓာတ်အားလိုင်းဌာနခွဲ စီမံရေးဌာန၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ |
| ၂။ | ဦးမြင့်ဦး (Y-၃၁၆) | အမှုဆောင်အင်ဂျင်နီယာ (ခ) ကောင်းကင်ဓာတ်အားလိုင်းဌာနခွဲ စီမံရေးဌာန၊ ရန်ကုန်မြို့တော်လျှပ်စစ် ဓာတ်အားပေးရေးအဖွဲ့ | အင်ဂျင်နီယာမှူး ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး စစ်တွေမြို့၊ ရခိုင်ပြည်နယ် |

## ဝန်ကြီးရုံး

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်
( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက် )

အမှတ် ၀၀၉ ။ ။ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၃) ၏ သဘောတူဆုံးဖြတ်ချက် အရ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေး စက်ရုံမှ လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) တန်း၊ လက်ထောက်အင်ဂျင်နီယာ (လျှပ်စစ်) ဦးသန်းမြတ်ဦး

အား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ အောင်ချမ်းသာဓာတ်အားခွဲရုံ (မုံရွာ) သို့ လစာနှုန်းတူ လက်ထောက်အင်ဂျင်နီယာ (လျှပ်စစ်/စက်မှု) ရာထူးဖြင့် အလုပ်တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင် သည့်နေ့မှစ၍ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

ခင်မောင်စိုး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စွမ်းအင်ဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ၃၄/၂၀၁၃**

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံးမှ စွမ်းအင်ဝန်ကြီးဌာနသို့ လွှဲပြောင်း အမှုထမ်းဆောင်စေသည့် ကြည်း ၅၆၁၀၉ ဗိုလ်ကြီးထင်လင်းဦးအား မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရေနံရှာဖွေရေးနှင့်ဖွံ့ဖြိုးရေးဌာန၊ ဘူမိရူပဗေဒဌာနခွဲတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၁၀၀,၀၀၀- ၂,၀၀၀-၁၁၀,၀၀၀) တန်း၊ လက်ထောက်အမှုဆောင်ဘူမိရူပဗေဒအရာရှိ ရာထူးနေရာ၌ ၂၀၁၃ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့မှစ၍ ခန့်ထားလိုက်သည်။

သန်းငွေး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စွမ်းအင်ဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စက်မှုဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၃-၂၀၁၄)**

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၃ ရက် )

၁။ နိုင်ငံတော်သမ္မတရုံး၏ခွင့်ပြုချက်အရ စက်မှုဝန်ကြီးဌာနက တာဝန်ယူရေးဆွဲလျက်ရှိသည့် **"အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းဥပဒေ (မူကြမ်း) နှင့် မြန်မာ့စက်မှုလုပ်ငန်းဥပဒေ (မူကြမ်း) ရေးဆွဲရေး ဆပ်ကော်မတီ"** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ပါသည် -

(က) ဦးဝင်းမြင့် ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
စက်မှုညွှန်ကြားရေးဦးစီးဌာန
စက်မှုဝန်ကြီးဌာန

(ခ) ဦးသန်းထိုက် ဒုတိယဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
စက်မှုစီမံကိန်းဦးစီးဌာန
စက်မှုဝန်ကြီးဌာန

(ဂ) ဦးဝင်းအောင် အဖွဲ့ဝင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(ဃ) ဒေါက်တာဇော်ဦး အဖွဲ့ဝင်
အဖွဲ့ဝင်
နိုင်ငံတော်သမ္မတ၏စီးပွားရေးအကြံပေးအဖွဲ့

(င) ဦးဇော်မင်းဝင်း အဖွဲ့ဝင်
ဒုတိယဥက္ကဋ္ဌ
မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(စ) ဦးလင်း အဖွဲ့ဝင်
ဒုတိယဥက္ကဋ္ဌ
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

(ဆ) ဒေါက်တာသန်းထွန်း အဖွဲ့ဝင်
အမှုဆောင်အရာရှိချုပ်
အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်

(ဇ) ဦးမြင့်ဇော် အဖွဲ့ဝင်
တွဲဖက်အတွင်းရေးမှူး
မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(ဈ) ဦးဝေဖြိုး အဖွဲ့ဝင်
ဒုတိယဥက္ကဋ္ဌ
မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း

(ည) ဒေါက်တာခင်ခင်ဦး အဖွဲ့ဝင်
ကထိက
ဥပဒေပညာဌာန၊
ရန်ကုန်တက္ကသိုလ်အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
ပညာရေးဝန်ကြီးဌာန

(ဋ) ဦးမျိုးသော် အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန
စက်မှုဝန်ကြီးဌာန

၂။ အဆိုပါကော်မတီ၏ လုပ်ငန်းတာဝန်များကို အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ဖွံ့ဖြိုးပြီး/ဖွံ့ဖြိုးဆဲနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ အစရှိသည့် နိုင်ငံများမှ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းဥပဒေများ လေ့လာရန်။

(ခ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း ဥပဒေ (မူကြမ်း) နှင့် မြန်မာ့စက်မှုလုပ်ငန်း ဥပဒေ (မူကြမ်း) များ ရေးဆွဲရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များမှ ပညာရှင်များ၊ နိုင်ငံခြားမှပညာရှင်များ၊ အသင်းအဖွဲ့များနှင့်တွေ့ဆုံ၍ လိုအပ်သည့် အကြံဉာဏ်များ ရယူရန်။

(ဂ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း ဥပဒေ (မူကြမ်း) နှင့် မြန်မာ့စက်မှုလုပ်ငန်းဥပဒေ (မူကြမ်း) များ ရေးဆွဲရေးအတွက် ညှိနှိုင်းအစည်းအဝေးများ ပြုလုပ်သွားရန်။

(ဃ) အစည်းအဝေးများမှ ရရှိသည့် အကြံပြုချက်များ၊ ဆွေးနွေးညှိနှိုင်းချက်များမှ သင့်လျော်သည့် အချက်များကို ဥပဒေ (မူကြမ်း) များတွင် ထည့်သွင်းဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်းများ ပြုလုပ်သွားရန်။

(င) ဥပဒေ (မူကြမ်း) များအား ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက်နှင့် အကြံပြုချက် ရယူ၍ လိုအပ်သည်များ ပြင်ဆင်ဖြည့်စွက်သွားရန်။

(စ) ပြင်ဆင်ဖြည့်စွက်ပြီး ဥပဒေ (မူကြမ်း) များအား နိုင်ငံတော်သမ္မတရုံးသို့ တင်ပြနိုင်ရေး ဆောင်ရွက်ရန်။

(ဆ) နိုင်ငံတော်သမ္မတရုံး၏ ခွင့်ပြုချက်ရရှိပြီးပါက ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြ နိုင်ရေး ဆက်လက်ဆောင်ရွက်သွားရန်။

(ဇ) ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် တင်ပြပြီးပါက ဥပဒေ (မူကြမ်း) အား ကျယ်ပြန့်စွာ ဆွေးနွေးနိုင်ရန်နှင့် အတည်ပြုချက်ရယူနိုင်ရန်တို့အတွက် လွှတ်တော်သို့ တင်ပြနိုင်ရေး ဆောင်ရွက်ရန်။

(ဈ) နည်းဥပဒေများ ရေးဆွဲနိုင်ရေးအတွက်လည်း လိုအပ်သည့်အချက်အလက်များ ကြိုတင်စုဆောင်း ထားရန်နှင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထားရှိရန်။

(ည) အခြားလိုအပ်သည်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်သွားရန်။

ဦးအေးမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စက်မှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၃**

၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက် )

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်စွဲပါ စာအမှတ် ၁၇ ရာထူး (၁၃-ထ/၂) ၂၀၁၂ ဖြင့် လွှဲပြောင်းတာဝန်ထမ်းဆောင်ခွင့်ပြုသည့် အမှတ် (၃၃၇) ခြေမြန်တပ်ရင်းမှ ကြည်း ၂၇၈၆၈ ဒုတိယဗိုလ်မှူးကြီးသန့်စင်မင်းအား ရောက်ရှိတာဝန်ထမ်းဆောင်ကြောင်း သတင်းပေးပို့သည့် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့မှစတင်၍ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးတွင် မန်နေဂျာ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရာထူးဖြင့် တာဝန်ပေး ခန့်အပ် လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၂၉/၂၀၁၃

၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်
( ၂၀၁၃ ခုနှစ်၊ မတ်လ ၂၅ ရက် )

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ ဒေါ်အေးအေးမြ [၁၂/မဂဒ (နိုင်) ၀၁၈၃၉၈] ဦးစီးအရာရှိ လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) အား သက်ဆိုင်ရာဌာနအကြီးအကဲ ခွင့်ပြုသည့်နေ့မှစတင်၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ပြုလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၃၀/၂၀၁၃

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်
( ၂၀၁၃ ခုနှစ်၊ မတ်လ ၂၈ ရက် )

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ အောက်ပါအရာထမ်း (၈) ဦးအား ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၃ ခုနှစ်၊ မတ်လ ၂၇ ရက်စွဲပါ စာအမှတ် ၅၇၇/၂၅၂- ပြောင်းရွှေ့/အဖရ (၂၀၁၃) အရ ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ရာထူးနေရာများသို့ သက်ဆိုင်ရာဌာနအကြီးအကဲ ခွင့်ပြုသည့်နေ့မှစတင်၍ ပြောင်းရွှေ့တာဝန်ချထားလိုက်သည် -

| စဉ် | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့သည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးတင့်သွင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန | အထွေထွေမန်နေဂျာ<br>မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း<br>ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန |
| ( ခ ) | ဦးသန်းအောင်<br>ညွှန်ကြားရေးမှူး<br>ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန | ညွှန်ကြားရေးမှူး<br>လူမှုဖူလုံရေးအဖွဲ့<br>အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေး<br>ဝန်ကြီးဌာန |
| ( ဂ ) | ဦးဆန်းနွယ်ဝင်း<br>ညွှန်ကြားရေးမှူး<br>ကူးသန်းရောင်းဝယ်ရေးနှင့်<br>စားသုံးသူရေးရာဦးစီးဌာန | ညွှန်ကြားရေးမှူး<br>လူမှုဖူလုံရေးအဖွဲ့<br>အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေး<br>ဝန်ကြီးဌာန |
| (ဃ) | ဦးကျော်ဒွန်း<br>ညွှန်ကြားရေးမှူး<br>ကူးသန်းရောင်းဝယ်ရေးနှင့်<br>စားသုံးသူရေးရာဦးစီးဌာန | ညွှန်ကြားရေးမှူး<br>ပို့ကုန်သွင်းကုန်လုပ်ငန်း<br>သမဝါယမဝန်ကြီးဌာန |
| ( င ) | ဦးမျိုးညွှန့်အောင်<br>ညွှန်ကြားရေးမှူး<br>ကူးသန်းရောင်းဝယ်ရေးနှင့်<br>စားသုံးသူရေးရာဦးစီးဌာန | ညွှန်ကြားရေးမှူး<br>နယ်စပ်ဦးစီးဌာန<br>နယ်စပ်ရေးရာဝန်ကြီးဌာန |

| စဉ် | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့သည့် ရာထူး၊ ဌာန |
|---|---|---|
| (စ) | ဦးသိန်းနိုင်<br>ညွှန်ကြားရေးမှူး<br>ကူးသန်းရောင်းဝယ်ရေးနှင့်<br>စားသုံးသူရေးရာဦးစီးဌာန | ညွှန်ကြားရေးမှူး<br>နယ်စပ်ဦးစီးဌာန<br>နယ်စပ်ရေးရာဝန်ကြီးဌာန |
| (ဆ) | ဦးစန်းလွင်<br>ညွှန်ကြားရေးမှူး<br>ကူးသန်းရောင်းဝယ်ရေးနှင့်<br>စားသုံးသူရေးရာဦးစီးဌာန | ညွှန်ကြားရေးမှူး<br>အနုပညာဦးစီးဌာန<br>ယဉ်ကျေးမှုဝန်ကြီးဌာန |
| (ဇ) | ဦးဇော်လွင်ဦး<br>ညွှန်ကြားရေးမှူး<br>ကူးသန်းရောင်းဝယ်ရေးနှင့်<br>စားသုံးသူရေးရာဦးစီးဌာန | ညွှန်ကြားရေးမှူး<br>သမဝါယမဦးစီးဌာန<br>သမဝါယမဝန်ကြီးဌာန |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၃၁/၂၀၁၃

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ အောက်ပါ အငယ်တန်းလက်ထောက်/အငယ်တန်းအင်ဂျင်နီယာ (၂၂) ဦးအား ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘော တူညီချက်အရ ၂၀၁၃ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့ နံနက်ပိုင်းမှစတင်၍ ဦးစီးအရာရှိ လစာနှုန်း (၁၀၀,၀၀၀- ၂,၀၀၀-၁၁၀,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည် -

| | | | |
|---|---|---|---|
| (၁) | ဒေါ်ဆောင်လုံ | ၁/မကန (နိုင်) ၀၃၆၂၀၁ | အငယ်တန်းလက်ထောက် |
| (၂) | ဦးဝေဖြိုးထက် | ၈/ခမန (နိုင်) ၀၀၅၁၃၇ | အငယ်တန်းအင်ဂျင်နီယာ |
| (၃) | ဒေါ်သန်းသန်းလွင် | ၁၂/လမန (နိုင်) ၀၅၀၄၁၀ | အငယ်တန်းလက်ထောက် |
| (၄) | ဒေါ်မြင့်ထားကြည် | TGO - ၁၂၂၆၈၄ | အငယ်တန်းလက်ထောက် |
| (၅) | ဒေါ်ချောစုမာ | KMDE - ၀၀၁၉၄၃ | အငယ်တန်းလက်ထောက် |
| (၆) | ဒေါ်ရင်ရင်အုန်း | ၁၂/ကမန (နိုင်) ၀၀၅၂၈၃ | အငယ်တန်းလက်ထောက် |
| (၇) | ဦးသောင်းဒန် | TGKN - ၀၀၇၁၂၉ | အငယ်တန်းလက်ထောက် |
| (၈) | ဒေါ်ညွန့်ညွန့်အေး | X/RGN - ၀၀၃၄၇၂ | အငယ်တန်းလက်ထောက် |
| (၉) | ဒေါ်နွဲ့နွဲ့မူ | ၁၂/ဥကမ (နိုင်) ၁၁၉၁၇၃ | အငယ်တန်းလက်ထောက် |
| (၁၀) | ဒေါ်အေးအေးသင်း | PME - ၀၂၈၅၆၉ | အငယ်တန်းလက်ထောက် |
| (၁၁) | ဦးသန်းပို | BDN - ၀၈၇၅၃၇ | အငယ်တန်းလက်ထောက် |
| (၁၂) | ဦးတင်ထွန်းနိုင် | YEU - ၀၆၅၇၂၁ | အငယ်တန်းလက်ထောက် |
| (၁၃) | ဒေါ်ခင်ဖုန်းမြင့် | MTLA - ၀၃၅၆၁၀ | အငယ်တန်းလက်ထောက် |
| (၁၄) | ဦးစိုးဦး | ၁၄/ပသန (နိုင်) ၀၂၆၀၇၀ | အငယ်တန်းလက်ထောက် |
| (၁၅) | ဦးကျော်မြင့် | MKA - ၁၀၄၉၈၆ | အငယ်တန်းလက်ထောက် |

| | | | |
|---|---|---|---|
| (၁၆) | ဒေါ်သန်းသန်းမေ | MDYNE - ၀၀၄၆၇၄ | အငယ်တန်းလက်ထောက် |
| (၁၇) | ဒေါ်မြင့်သိန်း | ၁၂/သကတ (နိုင်) ၀၀၇၃၉၃ | အငယ်တန်းလက်ထောက် |
| (၁၈) | ဦးကြည်ဟန် | ၁၄/အဂပ (နိုင်) ၀၃၀၆၈၇ | အငယ်တန်းလက်ထောက် |
| (၁၉) | ဦးအောင်သိုက် | ၉/အမရ (နိုင်) ၀၀၅၅၉၈ | အငယ်တန်းအင်ဂျင်နီယာ |
| (၂၀) | ဦးခင်ဇော် | ၇/ကပတ (နိုင်) ၀၃၂၃၈၆ | အငယ်တန်းလက်ထောက် |
| (၂၁) | ဦးကျော်ငွေ | ၅/ရဘန (နိုင်) ၁၂၉၂၉၂ | အငယ်တန်းလက်ထောက် |
| (၂၂) | ဦးသက်နိုင် | ၅/မရန (နိုင်) ၀၀၁၇၉၀ | အငယ်တန်းအင်ဂျင်နီယာ |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၃၂/၂၀၁၃

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ အငယ်တန်းလက်ထောက် ဦးမြတ်သူရ [၁၄/မအန (နိုင်) ၁၇၄၈၂၈] အား ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရ ၂၀၁၃ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့ နံနက်ပိုင်းမှစတင်၍ ဦးစီးအရာရှိ လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၁၃

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်
( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၂ ရက် )

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အောက်ပါဝန်ထမ်းအဖွဲ့အကြီးအမှူး (၂) ဦးအား နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ မတ်လ ၂၈ ရက်စွဲပါစာအမှတ် ၁၀၅ (၁)/၈/ သမ္မတရုံးအရ ၂၀၁၃ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့မှစ၍ အငြိမ်းစားပေးလိုက်သည် -

(၁) ဦးကျော်ထူး
ညွှန်ကြားရေးမှူးချုပ်
ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

(၂) ဦးအောင်မင်း
ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး

(ပုံ) ဝင်းမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**အားကစားဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်

( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက် )

ကျန်းမာရေးဝန်ကြီးဌာနမှ အားကစားဝန်ကြီးဌာနသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည့် အောက်ဖော်ပြပါ လက်ထောက်ဆရာဝန် (၅) ဦးအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ အားကစားနှင့်ကာယပညာ ဦးစီးဌာနရှိ ဌာနခွဲများတွင် အလုပ်တာဝန်စတင်ထမ်းဆောင်သည့် နေ့ရက်မှစ၍ တာဝန်ထမ်းဆောင် စေလိုက်သည် -

| စဉ် | အမည် | ရာထူး/လစာနှုန်း | ဌာန |
|---|---|---|---|
| ၁။ | ဒေါက်တာဗညားလတ် | လက်ထောက်ဆရာဝန် (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) | အားကစားဆေးဘက်ဌာနခွဲ (နေပြည်တော်) |
| ၂။ | ဒေါက်တာမင်းသိုက်ထွန်း | လက်ထောက်ဆရာဝန် (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) | အားကစားဆေးဘက်ဌာနခွဲ (နေပြည်တော်) |
| ၃။ | ဒေါက်တာအေးမင်းဦး | ဦးစီးအရာရှိ (မှတ်တမ်း) (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) | စီမံကိန်းနှင့်သုတေသနဌာနခွဲ (အားကစားဆေးဘက်ဌာနခွဲ နေပြည်တော်တွဲဖက်) |
| ၄။ | ဒေါက်တာအောင်မော် | ဦးစီးအရာရှိ (မှတ်တမ်း) (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) | စီမံကိန်းနှင့်သုတေသနဌာနခွဲ (အားကစားဆေးဘက်ဌာနခွဲ နေပြည်တော်တွဲဖက်) |
| ၅။ | ဒေါက်တာလှမျိုးသန့် | ဦးစီးအရာရှိ (ပြန်ကြားရေး) (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) | ယှဉ်ပြိုင်/လေ့ကျင့်ဌာနခွဲ (၁) (အားကစားဆေးဘက်ဌာနခွဲ နေပြည်တော်တွဲဖက်) |

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်

( ၂၀၁၃ ခုနှစ်၊ မတ်လ ၁၉ ရက် )

အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန ရခိုင်ပြည်နယ် အားကစားနှင့်ကာယ ပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းရွှေအား အစမ်းခန့်ကာလ (၆) လပြည့်မြောက်သည့် ၂၀၁၃ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှစ၍ ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးတွင် အတည်ပြုခန့်ထားလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၁၃)**

အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့်ရေး ဌာနခွဲ (၂) မှ ဦးစီးအရာရှိ လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) ဒေါ်ချိုချိုမာအား အားကစားနှင့်ကာယ ပညာသိပ္ပံ (ရန်ကုန်) သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်
( ၂၀၁၃ ခုနှစ်၊ မတ်လ ၂၁ ရက် )

အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) ဒေါ်စောယုဝင်းအား စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည်။

ဦးတင့်ဆန်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
အားကစားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
**ကျန်းမာရေးဝန်ကြီးဌာန**

၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်
( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက် )

အမှတ် ၅ ။ ။ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ် (၇/၂၀၁၃) ၏ သဘောတူညီချက်အရ ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) မှ အောက်ဖော်ပြပါ သုတေသနမှူးများအား အမည်နှင့်ယှဉ်တွဲဖော်ပြပါ ရာထူး/ဌာနသို့ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| **စဉ်** | **အမည်/ရာထူး/ဌာန** | **တိုးမြှင့်ခန့်ထားသည့် ရာထူး/ဌာန** |
|---|---|---|
| ၁။ | ဒေါ်ရီရီမြ<br>သုတေသနမှူး/ဌာနခွဲမှူး<br>ဆေးဘက်ဆိုင်ရာ ကိုမိလဗေဒ<br>သုတေသနဌာနခွဲ | ဒုတိယညွှန်ကြားရေးမှူး (သုတေသန)<br>ဆေးဘက်ဆိုင်ရာ ကိုမိလဗေဒ<br>သုတေသနဌာနခွဲ<br>လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) |
| ၂။ | ဒေါက်တာကြေးမုံထွေး (ဆမ-၁၆၇၄၈)<br>သုတေသနမှူး<br>ဇီဝဓာတုဗေဒသုတေသနဌာနခွဲ | ဒုတိယညွှန်ကြားရေးမှူး (သုတေသန)<br>ဇီဝဓာတုဗေဒသုတေသနဌာနခွဲ<br>လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) |

အမှတ် ၆ ။ ။ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ် (၇/၂၀၁၃) ၏ သဘောတူညီချက်အရ ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) မှ အောက်ဖော်ပြပါ သုတေသနအရာရှိများအား အမည်နှင့်ယှဉ်တွဲဖော်ပြပါ ရာထူး/ဌာနသို့ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| **စဉ်** | **အမည်/ရာထူး/ဌာန** | **တိုးမြှင့်ခန့်ထားသည့်ရာထူး/ဌာန** |
|---|---|---|
| ၁။ | ဒေါ်ငွေးရီ<br>သုတေသနအရာရှိ<br>ဓာတ်ခွဲခန်းတိရစ္ဆာန်မွေးမြူရေးဌာနခွဲ | သုတေသနမှူး<br>ဓာတ်ခွဲခန်းတိရစ္ဆာန်မွေးမြူရေးဌာနခွဲ<br>လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀)<br>(လက်တွေ့ဆေးပညာသုတေသနဌာနခွဲ<br>သုတေသနမှူးရာထူးအင်အားဖြင့်) |

| **စဉ်** | **အမည်/ရာထူး/ဌာန** | **တိုးမြှင့်ခန့်ထားသည့်ရာထူး/ဌာန** |
|---|---|---|
| ၂။ | ဒေါ်မြနီလာချောစု<br>သုတေသနအရာရှိ<br>ဆေးဘက်ဆိုင်ရာ ကိမိလဗေဒ<br>သုတေသနဌာနခွဲ | သုတေသနမှူး<br>ဆေးဘက်ဆိုင်ရာ ကိမိလဗေဒ<br>သုတေသနဌာနခွဲ<br>လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) |
| ၃။ | ဒေါက်တာခင်မိမိလေး (ဆမ-၁၇၀၉၃)<br>သုတေသနအရာရှိ<br>ဇီဝကမ္မဗေဒသုတေသနဌာနခွဲ | သုတေသနမှူး<br>ဇီဝကမ္မဗေဒသုတေသနဌာနခွဲ<br>လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) |
| ၄။ | ဒေါက်တာခင်မိုးအောင် (ဆမ-၁၇၅၇၀)<br>သုတေသနအရာရှိ<br>ရောဂါဗေဒသုတေသနဌာနခွဲ | သုတေသနမှူး<br>ရောဂါဗေဒသုတေသနဌာနခွဲ<br>လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) |
| ၅။ | ဒေါက်တာမဥ္ဇူတင်အောင် (ဆမ-၁၈၂၀၅)<br>သုတေသနအရာရှိ<br>ဆေးဘက်ဆိုင်ရာစာရင်းအင်း<br>သုတေသနဌာနခွဲ | သုတေသနမှူး<br>ဆေးဘက်ဆိုင်ရာစာရင်းအင်း<br>သုတေသနဌာနခွဲ<br>လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) |

အမှတ် ၇ ။ ။ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၇/၂၀၁၃) ၏ သဘောတူညီချက်အရ ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)၊ ရောဂါဗေဒသုတေသနဌာနခွဲမှ သုတေသနမှူး/ဌာနခွဲမှူး ဒေါက်တာအောင်ကျော်ကျော် (ဆမ-၁၆၉၂၄) အား ယင်းဦးစီးဌာန၊ ဗိုင်းရပ်စ်ဗေဒ သုတေသနဌာနခွဲတွင် လက်ရှိ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ဖြင့်ပင် ဒုတိယညွှန်ကြားရေးမှူး (သုတေသန) ရာထူးသို့ တာဝန်ပေးခန့်ထားလိုက်သည်။

အမှတ် ၈ ။ ။ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၇/၂၀၁၃) ၏ သဘောတူညီချက်အရ ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) မှ အောက်ဖော်ပြပါ ဦးစီးအရာရှိ (ငွေစာရင်း) အား အမည်နှင့်ယှဉ်တွဲဖော်ပြပါ ရာထူး/ဌာနသို့ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| **စဉ်** | **အမည်/ရာထူး/ဌာန** | **တိုးမြှင့်ခန့်ထားသည့်ရာထူး/ဌာန** |
|---|---|---|
| ၁။ | ဒေါ်ခင်လေးညို<br>ဦးစီးအရာရှိ<br>ဘတ်ဂျက်နှင့်ငွေစာရင်းဌာနခွဲ<br>ဆေးသုတေသနဦးစီးဌာန<br>(အထက်မြန်မာပြည်)<br>လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀)<br>(ကျန်းမာရေးဝန်ကြီးရုံးတွဲဖက်) | လက်ထောက်ညွှန်ကြားရေးမှူး<br>ကွန်ပျူတာဌာနခွဲ<br>ဆေးသုတေသနဦးစီးဌာန<br>(အထက်မြန်မာပြည်)<br>လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀)<br>(ကျန်းမာရေးဝန်ကြီးရုံးတွဲဖက်) |

ပါမောက္ခဒေါက်တာဖေသက်ခင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ကျန်းမာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၄၂၃/၂၀၁၃**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ မတ်လ ၈ ရက် )

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၃) မှ သဘောတူခွင့်ပြုချက်အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဥက္ကဋ္ဌ ဦးသန်းညိန်းအား ၂၀၁၃ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် လစဉ်ချီးမြှင့်ငွေ ၁၅၀၀၀၀/- (ကျပ်တစ်သိန်းငါးသောင်းတိတိ) ခံစားခွင့်ရှိသော အကြံပေး အရာရှိအဖြစ် ဒုတိယအကြိမ် တစ်နှစ် ခန့်အပ်လိုက်သည်။

ဦးသန်းညိန်းအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် ဥက္ကဋ္ဌ တာဝန်ဝတ္တရားများအား တာဝန်ခံ ဆောင်ရွက်စေလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၄၉၁/၂၀၁၃**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်

( ၂၀၁၃ ခုနှစ်၊ မတ်လ ၂၀ ရက် )

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်မှ မန်နေဂျာ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ဦးသိန်းတန်အား လစ်လပ်လျက်ရှိသော လက်ထောက်အထွေထွေမန်နေဂျာ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးသို့ တာဝန်ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၅၄၀/၂၀၁၃**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်

( ၂၀၁၃ ခုနှစ်၊ မတ်လ ၂၉ ရက် )

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ဝင်းအား မိမိတာဝန်ဝတ္တရားများအပြင် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး၏ တာဝန်ဝတ္တရားများကိုပါ ယာယီပူးတွဲထမ်းဆောင်စေလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၅၄၁/၂၀၁၃**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ အခွန်အယူခံခုံအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်အား မိမိတာဝန်ဝတ္တရားများအပြင် ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ တာဝန်ဝတ္တရားများကိုပါ ယာယီပူးတွဲထမ်းဆောင်စေလိုက်သည်။

ဝင်းရှိန်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နေပြည်တော်ကောင်စီ**

**ရုံးအမိန့်အမှတ် (၁၆/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

၁။ နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ် ဥဒယရံသီကုန်းတော်တွင် တည်ထားကိုးကွယ်မည့် သတ္တသတ္တာဟစေတီတော် ထီးတော်တင်လှူပွဲ၊ ဘုရားအနေကဇာတင်လှူပူဇော်ပွဲ၊ တရားပွဲနှင့် အငြိမ့်ပွဲ အခမ်းအနားများအား ၂၀၁၃ ခုနှစ်၊ မေလ ၂၄ ရက်နေ့မှ ၂၈ ရက်နေ့အထိ ဘုရားပရဝဏ်အတွင်း အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကျင်းပရေးကော်မတီနှင့် ဆပ်ကော်မတီများအား အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

(က) **ကျင်းပရေးကော်မတီ**

| | | |
|---|---|---|
| (၁) ဦးသိန်းညွန့် | ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | ဥက္ကဋ္ဌ |
| (၂) ဦးဆန်းဆင့် | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) ဗိုလ်မှူးချုပ်ကျော်ဇံမြင့် | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) ဦးပိုက်ထွေး | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) ဦးသန့်ရှင်း | ဒုတိယဝန်ကြီး<br>သမ္မတရုံး (၁) ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) ဦးအောင်သိမ်း | ဒုတိယဝန်ကြီး<br>သမ္မတရုံး (၄) ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) Dr. မောင်မောင်ဌေး | ဒုတိယဝန်ကြီး<br>သာသနာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) Dr. ဝင်းမြင့် | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) ဒေါ်စန္ဒာခင် | ဒုတိယဝန်ကြီး<br>ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) ဦးသန်းဌေး | ကောင်စီဝင်<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၁၁) ဦးစောလှ | ကောင်စီဝင်<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၁၂) ဦးမြင့်ဆွေ | ကောင်စီဝင်<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၁၃) ဦးမြင့်ရွှေ | ကောင်စီဝင်<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၁၄) ဦးကံချွန် | ကောင်စီဝင်<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၁၅) ဗိုလ်မှူးကြီးမြင့်အောင်သန်း | ကောင်စီဝင်<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၁၆) ဗိုလ်ချုပ်သန်းစိုး | ညွှန်ကြားရေးမှူး<br>ပြည်သူ့ဆက်ဆံရေးနှင့်<br>စိတ်ဓာတ်စစ်ဆင်ရေး<br>ညွှန်ကြားရေးမှူးရုံး | အဖွဲ့ဝင် |
| (၁၇) ဦးသိန်းဆွေ | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ကျောက်မျက်ရတနာ<br>ရောင်းဝယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၁၈) ဦးမောင်မောင်ဝင်း | ညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၁၉) ဦးဝင်းဌေး | တွဲဖက်အတွင်းရေးမှူး<br>နေပြည်တော်<br>စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၂၀) ဦးမျိုးအောင် | ကော်မတီဝင်<br>နေပြည်တော်<br>စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၂၁) ဦးသိန်းဆင့် | ကော်မတီဝင်<br>နေပြည်တော်<br>စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၂၂) ဦးစိုးရန်နိုင် | ကော်မတီဝင်<br>နေပြည်တော်<br>စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၂၃) ဦးမင်းမင်းဇော် | ကော်မတီဝင်<br>နေပြည်တော်<br>စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၂၄) ဦးအောင်ကျော်ငြိမ် | ကော်မတီဝင်<br>နေပြည်တော်<br>စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၂၅) ဦးမျိုးညွန့် | ကောင်စီဝင်<br>နေပြည်တော်ကောင်စီ | အတွင်းရေးမှူး |
| (၂၆) ဦးသန်းကျော်ထူး | အတွင်းရေးမှူး<br>နေပြည်တော်<br>စည်ပင်သာယာရေးကော်မတီ | တွဲဖက်အတွင်းရေးမှူး (၁) |
| (၂၇) ဦးမောင်မောင်စန်း | ညွှန်ကြားရေးမှူး<br>နေပြည်တော်ကောင်စီ | တွဲဖက်အတွင်းရေးမှူး (၂) |

( ခ ) **အခမ်းအနားကျင်းပရေးဆပ်ကော်မတီ**

| | | |
|---|---|---|
| (၁) ဦးသန်းဌေး | ကောင်စီဝင်<br>နေပြည်တော်ကောင်စီ | ဥက္ကဋ္ဌ |
| (၂) ဦးဝင်းဌေး | တွဲဖက်အတွင်းရေးမှူး<br>နေပြည်တော်<br>စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၃) ဦးသန်းဦး | ကော်မတီဝင်<br>နေပြည်တော်<br>စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၄) ဦးကျော်မြင့် | ကော်မတီဝင်<br>နေပြည်တော်<br>စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၅) ဦးမျိုးမြင့်မောင် | ဌာနမှူး<br>နေပြည်တော်<br>စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၆) ဦးဇော်မိုးဝင်း | ACE ကုမ္ပဏီလီမိတက် | အဖွဲ့ဝင် |
| (၇) ဦးဇော်ဖြိုး | ACE ကုမ္ပဏီလီမိတက် | အဖွဲ့ဝင် |
| (၈) ဦးမျိုးအောင် | ကော်မတီဝင်<br>နေပြည်တော်<br>စည်ပင်သာယာရေးကော်မတီ | အတွင်းရေးမှူး |

( ဂ ) **သာသနာရေးဆိုင်ရာဆပ်ကော်မတီ**

| | | |
|---|---|---|
| (၁) Dr. မောင်မောင်ဌေး | ဒုတိယဝန်ကြီး<br>သာသနာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) ဦးမင်းမင်းဇော် | ကော်မတီဝင် | အဖွဲ့ဝင် |
| (၃) ဦးအောင်ကျော်ငြိမ်း | ကော်မတီဝင် | အဖွဲ့ဝင် |
| (၄) ညွှန်ကြားရေးမှူး (စီမံ) | သာသနာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) ဦးသိန်းနိုင် | ဒုတိယညွှန်ကြားရေးမှူး<br>နေပြည်တော်<br>စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၆) ဦးသူရ | ဦးစီးအရာရှိ<br>သာသနာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၇) ဦးတင့်ကျော်လွင် | မြို့နယ်အုပ်ချုပ်ရေးမှူး<br>ပုဗ္ဗသီရိမြို့နယ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) ဦးအေးမင်းအောင် | နေပြည်တော်သာသနာရေးမှူး<br>နေပြည်တော်သာသနာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၉) ဦးမိုးဇော်ရွှေ | ညွှန်ကြားရေးမှူးချုပ်<br>သာသနာရေးဦးစီးဌာန | အတွင်းရေးမှူး |

(ဃ) **တည်ဆောက်ရေးနှင့်ထီးတော်တင်လှူရေးဆပ်ကော်မတီ**

| | | |
|---|---|---|
| (၁) ဦးကံချွန် | ကောင်စီဝင်<br>နေပြည်တော်ကောင်စီ | ဥက္ကဋ္ဌ |
| (၂) ဦးဝင်းငွေ | တွဲဖက်အတွင်းရေးမှူး<br>နေပြည်တော်<br>စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၃) ဦးသန်းဦး | ကော်မတီဝင်<br>နေပြည်တော်<br>စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၄) ဦးကျော်မြင့် | ကော်မတီဝင်<br>နေပြည်တော်<br>စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၅) ဦးမျိုးမြင့်မောင် | ဌာနမှူး<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်<br>သန့်ရှင်းရေးဌာန | အဖွဲ့ဝင် |
| (၆) ဦးကျော်ငြိမ်း | တိုင်းလျှပ်စစ်အင်ဂျင်နီယာ<br>နေပြည်တော်<br>လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၇) ဦးဇော်ဖြိုး | ACE ကုမ္ပဏီလီမိတက် | အဖွဲ့ဝင် |
| (၈) ဦးသူရ | ဦးစီးအရာရှိ<br>သာသနာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၉) ဦးဇော်မိုးဝင်း | ACE ကုမ္ပဏီလီမိတက် | အတွင်းရေးမှူး |

(င) **ဆွမ်းဆက်ကပ်ရေးနှင့်ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ**

| | | |
|---|---|---|
| (၁) ဦးမြင့်ရွှေ | ကောင်စီဝင်<br>နေပြည်တော်ကောင်စီ | ဥက္ကဋ္ဌ |
| (၂) ဦးရဲထွန်း | ခေတ္တဌာနမှူး<br>(တိမွေးကုနှင့်သားသတ်ဌာန)<br>နေပြည်တော်<br>စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၃) ဦးတင်မောင်အေး | ဒုတိယဌာနမှူး (ထုတ်လုပ်ရေးဌာန)<br>နေပြည်တော်<br>စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၄) ဦးသန်းဆွေဝင်း | ဒုတိယညွှန်ကြားရေးမှူး<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၅) ဦးအောင်လှိုင်မျိုး | လက်ထောက်ဌာနမှူး (ရာပြတ်ဌာန)<br>နေပြည်တော်<br>စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၆) ဦးစိုးမော် | လက်ထောက်ရုံးအဖွဲ့မှူး (ကော်မတီရုံး)<br>နေပြည်တော်<br>စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၇) ဦးဇော်မိုးဝင်း | ACE ကုမ္ပဏီလီမိတက် | အဖွဲ့ဝင် |
| (၈) ဦးချမ်းသာ | ACE ကုမ္ပဏီလီမိတက် | အဖွဲ့ဝင် |
| (၉) ဦးသိန်းဆင့် | ရုံးအဖွဲ့မှူး (ကော်မတီဝင်၊ ကော်မတီရုံး)<br>နေပြည်တော်<br>စည်ပင်သာယာရေးကော်မတီ | အတွင်းရေးမှူး |

(စ) **သံဃာတော်ပင့်ဆောင်ရေးနှင့် ပို့ဆောင်ရေးဆပ်ကော်မတီ**

| | | |
|---|---|---|
| (၁) Dr. မောင်မောင်ဌေး | ဒုတိယဝန်ကြီး<br>သာသနာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) ဦးတင်ထူး | ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစက်ပစ္စည်းစာရင်းနှင့်<br>စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) ညွှန်ကြားရေးမှူး | သာသနာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) ဦးဝင်းရွှေ | မြို့နယ်အုပ်ချုပ်ရေးမှူး<br>ဇမ္ဗူသီရိမြို့နယ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) ဦးဇော်မိုးဝင်း | ACE ကုမ္ပဏီလီမိတက် | အဖွဲ့ဝင် |
| (၆) မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>(အားလုံး)<br>နေပြည်တော်ကောင်စီနယ်မြေ | အဖွဲ့ဝင် |
| (၇) ဦးအေးမင်းအောင် | နေပြည်တော်သာသနာရေးမှူး<br>နေပြည်တော်သာသနာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) ဦးသက်နှင်းဦး | ဌာနမှူး (စက်ရုံနှင့်မော်တော်ယာဉ်ဌာန)<br>နေပြည်တော်<br>စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၉) ဦးဝင်းဌေး | တွဲဖက်အတွင်းရေးမှူး<br>နေပြည်တော်<br>စည်ပင်သာယာရေးကော်မတီ | အတွင်းရေးမှူး |

(ဆ) **တရားပွဲကျင်းပရေးဆပ်ကော်မတီ**

| | | |
|---|---|---|
| (၁) ဦးသန်းဌေး | ကောင်စီဝင်<br>နေပြည်တော်ကောင်စီ | ဥက္ကဋ္ဌ |
| (၂) ဦးမင်းမင်းဇော် | ကော်မတီဝင် | အဖွဲ့ဝင် |
| (၃) ဦးအောင်ကျော်ငြိမ် | ကော်မတီဝင် | အဖွဲ့ဝင် |
| (၄) ဦးမောင်မောင်ဆန်း | နေပြည်တော်ထွေ/အုပ် | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၅) ဦးသိန်းနိုင် | ဒုတိယညွှန်ကြားရေးမှူး<br>နေပြည်တော်<br>စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၆) ဦးသူရ | ဦးစီးအရာရှိ<br>သာသနာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၇) ဦးတင့်ကျော်လွင် | မြို့နယ်အုပ်ချုပ်ရေးမှူး<br>ပုဗ္ဗသီရိမြို့နယ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) ဦးအေးမင်းအောင် | နေပြည်တော်သာသနာရေးမှူး<br>နေပြည်တော်သာသနာရေးဦးစီးဌာန | အတွင်းရေးမှူး |

**(ဇ) ဖျော်ဖြေပွဲကျင်းပရေးဆပ်ကော်မတီ**

| | | |
|---|---|---|
| (၁) ဦးမျိုးညွန့် | ကောင်စီဝင်<br>နေပြည်တော်ကောင်စီ | ဥက္ကဋ္ဌ |
| (၂) ဗိုလ်မှူးကြီးမြင့်ကိုကို | ဒုတိယညွှန်ကြားရေးမှူး<br>ပြည်သူ့စစ်နှင့်စိတ်ဓာတ်စစ်ဆင်ရေး<br>ညွှန်ကြားရေးမှူးရုံး | အဖွဲ့ဝင် |
| (၃) ဦးထွန်းဇော် | ခရိုင်အုပ်ချုပ်ရေးမှူး<br>ဥတ္တရခရိုင် | အဖွဲ့ဝင် |
| (၄) ဦးစိုးပိုင် | လက်ထောက်ညွှန်ကြားရေးမှူး<br>ခရိုင်ပြန်/ဆက် | အဖွဲ့ဝင် |
| (၅) ဦးရဲမြတ်တင့် | မြို့နယ်အုပ်ချုပ်ရေးမှူး<br>ဥတ္တရသီရိမြို့နယ်ထွေ/အုပ် | အဖွဲ့ဝင် |
| (၆) ယာယီရဲမှူးဇော်ဌေးဦး | မြို့နယ်ရဲတပ်ဖွဲ့မှူး<br>ဥတ္တရသီရိမြို့နယ်ရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၇) ယာယီရဲမှူးမင်းဇော် | မြို့နယ်ရဲတပ်ဖွဲ့မှူး<br>ပုဗ္ဗသီရိမြို့နယ်ရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၈) ဦးဆန်းဦး | မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး<br>ဥတ္တရသီရိမြို့နယ် | အဖွဲ့ဝင် |
| (၉) ဦးတင့်စိုး | မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး<br>ပုဗ္ဗသီရိမြို့နယ် | အဖွဲ့ဝင် |
| (၁၀) ဒုရဲမှူးကြီးမျိုးသူရနောင် | ရတရ(၂၀) | အတွင်းရေးမှူး |

**(စျ) လုံခြုံရေးဆပ်ကော်မတီ**

| | | |
|---|---|---|
| (၁) ဗိုလ်မှူးချုပ်ကျော်ဇံမြင့် | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) ဗိုလ်မှူးကြီး<br>မြင့်အောင်သန်း | ကောင်စီဝင်<br>နေပြည်တော်ကောင်စီ | ဒု-ဥက္ကဋ္ဌ |

| | | | |
|---|---|---|---|
| (၃) | ရဲမှူးချုပ်သိန်းဦး | ကွပ်ကဲရေးမှူး<br>(ရဲတပ်ရင်းများကွပ်ကဲမှုရုံး)<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် | အဖွဲ့ဝင် |
| (၄) | ဒုရဲမှူးကြီးခင်မောင်သော် | တပ်ဖွဲ့ခွဲမှူး<br>နေပြည်တော်သတင်းတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၅) | ဦးဘိုမောင် | ဒုတိယညွှန်ကြားရေးမှူး<br>နေပြည်တော်<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ရဲမှူးကြီးအောင်အောင် | တပ်ဖွဲ့မှူး<br>နေပြည်တော်ရဲတပ်ဖွဲ့ | အတွင်းရေးမှူး |

(ည) **ဖိတ်ကြားရေးနှင့်ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးမျိုးညွန့် | ကောင်စီဝင်<br>နေပြည်တော်ကောင်စီ | ဥက္ကဋ္ဌ |
| (၂) | ဦးအေးကိုကို | ဌာနမှူး<br>(မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန)<br>နေပြည်တော်<br>စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၃) | ဦးကိုကိုဦး | လက်ထောက်ဌာနမှူး (စီမံရေးရာဌာန)<br>နေပြည်တော်<br>စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၄) | ဦးနေမျိုးအောင် | လက်ထောက်ဌာနမှူး (စီမံရေးရာဌာန)<br>နေပြည်တော်<br>စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၅) | ဦးတင့်ကျော်လွင် | မြို့နယ်အုပ်ချုပ်ရေးမှူး<br>ပုဗ္ဗသီရိမြို့နယ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဦးစိုးဝင်း | ဌာနမှူး (စီမံရေးရာဌာန)<br>နေပြည်တော်<br>စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၇) | ဦးသန်းကျော်ထူး | အတွင်းရေးမှူး<br>နေပြည်တော်<br>စည်ပင်သာယာရေးကော်မတီ | အတွင်းရေးမှူး |

(ဋ) **ရတနာပစ္စည်းလက်ခံရေးဆပ်ကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးမြင့်ဆွေ | ကောင်စီဝင်<br>နေပြည်တော်ကောင်စီ | ဥက္ကဋ္ဌ |
| (၂) | ဦးသိန်းဆွေ | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ကျောက်မျက်ရတနာ<br>ရောင်းဝယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၃) ဦးမောင်မောင်ဝင်း | ညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၄) ဦးသန်းထွန်း | ဒုဌာနမှူး<br>နေပြည်တော်<br>စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၅) ဦးတင်အောင်ငွေ | ဒုဌာနမှူး<br>နေပြည်တော်<br>စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၆) ဦးအောင်ကျော်ငြိမ် | ကော်မတီဝင်<br>နေပြည်တော်<br>စည်ပင်သာယာရေးကော်မတီ | အတွင်းရေးမှူး |

( ဃ ) **မော်တော်ယာဉ်များကြီးကြပ်နေရာချထားရေးဆပ်ကော်မတီ**

| | | |
|---|---|---|
| (၁) ဦးစောလှ | ကောင်စီဝင်<br>နေပြည်တော်ကောင်စီ | ဥက္ကဋ္ဌ |
| (၂) ဦးဝင်းဌေး | တွဲဖက်အတွင်းရေးမှူး<br>နေပြည်တော်<br>စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၃) ဦးဝင်းထိန် | ဥက္ကဋ္ဌ<br>မထသ (မြို့တွင်း) | အဖွဲ့ဝင် |
| (၄) ဦးဝင်းဆွေ | ဥက္ကဋ္ဌ<br>မထသ (အဝေးပြေး) | အဖွဲ့ဝင် |
| (၅) ရဲမှူးခင်မောင်မြင့် | နေပြည်တော်ယာဉ်ထိန်းတပ်ဖွဲ့ | အတွင်းရေးမှူး |

( င ) **ကျန်းမာရေးဆပ်ကော်မတီ**

| | | |
|---|---|---|
| (၁) Dr. ဝင်းမြင့် | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) Dr. မင်းသန်းညွန့် | ညွှန်ကြားရေးမှူးချုပ်<br>ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) Dr. ဖြူဖြူ | ဆေးရုံအုပ်ကြီး<br>နေပြည်တော်ပြည်သူ့ဆေးရုံကြီး<br>(ခုတင် ၁၀၀၀) | အဖွဲ့ဝင် |
| (၄) Dr. ထွန်းမြင့် | နေပြည်တော်ကျန်းမာရေးဦးစီးမှူး<br>နေပြည်တော်ကျန်းမာရေးဦးစီးဌာန | အတွင်းရေးမှူး |

( စ ) **ပြန်ကြားရေးဆပ်ကော်မတီ**

| | | |
|---|---|---|
| (၁) ဦးပိုက်ထွေး | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) ဦးကျော်စိုး | ဦးဆောင်ညွှန်ကြားရေးမှူး<br>သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း | အဖွဲ့ဝင် |

(၃) ဦးအောင်မျိုးမြင့် ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း

(၄) ဦးမောင်ဖေ ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပြန်ကြားရေးနှင့်
ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(၅) ဦးဝင်းနိုင် ခေတ္တဌာနမှူး အဖွဲ့ဝင်
ပြန်ကြားရေးနှင့်
ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

၂။ ဆပ်ကော်မတီများအနေဖြင့် မိမိတို့၏လုပ်ငန်းတာဝန်များနှင့် ကျင်းပရေးလုပ်ငန်းကော်မတီမှ ပေးအပ်သောတာဝန်များကို ထမ်းဆောင်ရမည်ဖြစ်ပြီး ကျင်းပရေးကော်မတီအနေဖြင့် ဆပ်ကော်မတီ အသီးသီးသို့ ကြီးကြပ်ကွပ်ကဲခြင်း၊ ဆပ်ကော်မတီများမှ တင်ပြသောလိုအပ်ချက်များအား ညှိနှိုင်းစီစဉ် ဆောင်ရွက်ပေးခြင်းနှင့် နာယကအဖွဲ့မှ ပေးအပ်သောတာဝန်များကို ထမ်းဆောင်ရန်ဖြစ်သည်။

## ရုံးအမိန့်အမှတ် (၁၈/၂၀၁၃)

၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၆ ရက် )

၁။ နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ် ဥဒယရံသီကုန်းတော်တွင် တည်ထားကိုးကွယ်မည့် သတ္တသတ္တာဟစေတီတော် ထီးတော်တင်လှူပွဲ၊ ဘုရားအနေကဇာတင်လှူပူဇော်ပွဲ၊ တရားပွဲနှင့် အငြိမ့်ပွဲအခမ်း အနားများအား ၂၀၁၃ ခုနှစ်၊ မေလ ၂၄ ရက်နေ့မှ ၂၈ ရက်နေ့အထိ ဘုရားပရဝဏ်အတွင်း အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဖွဲ့စည်းထားပြီးဖြစ်သော အောက်ဖော်ပြပါ ဆပ်ကော်မတီများအား လုပ်ငန်းများ ပိုမိုအောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် အောက်ပါအတိုင်း ဖြည့်စွက်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

(က) **ပြန်ကြားရေးဆပ်ကော်မတီ**

(၁) ဦးပိုက်ထွေး ဒုတိယဝန်ကြီး ဥက္ကဋ္ဌ
ပြန်ကြားရေးဝန်ကြီးဌာန

(၂) ဦးကျော်စိုး ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

(၃) ဦးအောင်မျိုးမြင့် ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း

(၄) ဦးမောင်ဖေ ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပြန်ကြားရေးနှင့်
ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(၅) ဦးဝင်းနိုင် ခေတ္တဌာနမှူး အဖွဲ့ဝင်
ပြန်ကြားရေးနှင့်
ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(၆) ဦးတင့်ဆွေ ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

(ခ) **လုံခြုံရေးဆပ်ကော်မတီ**

| | | |
|---|---|---|
| (၁) ဗိုလ်မှူးချုပ်ကျော်ဇံမြင့် | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) ဗိုလ်မှူးကြီး<br>မြင့်အောင်သန်း | ကောင်စီဝင်<br>နေပြည်တော်ကောင်စီ | ဒု-ဥက္ကဋ္ဌ |
| (၃) တိုင်းဦးစီးဗိုလ်မှူးကြီး | နေပြည်တော်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (၄) ရဲမှူးကြီးအောင်မြတ်မိုး | ခေတ္တကွပ်ကဲရေးမှူး<br>(ရဲတပ်ရင်းများကွပ်ကဲမှုရုံး)<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် | အဖွဲ့ဝင် |
| (၅) ဒုရဲမှူးကြီး<br>ခင်မောင်သော် | တပ်ဖွဲ့ခွဲမှူး<br>နေပြည်တော်သတင်းတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၆) ဦးဘိုမောင် | ဒုတိယညွှန်ကြားရေးမှူး<br>နေပြည်တော်<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၇) ရဲမှူးကြီး<br>အောင်အောင် | တပ်ဖွဲ့မှူး<br>နေပြည်တော်ရဲတပ်ဖွဲ့ | အတွင်းရေးမှူး |

၂။ ဆပ်ကော်မတီများအနေဖြင့် မိမိတို့၏လုပ်ငန်းတာဝန်များနှင့် ကျင်းပရေးလုပ်ငန်းကော်မတီမှ ပေးအပ်သောတာဝန်များကို ထမ်းဆောင်ရန်ဖြစ်သည်။

ဥက္ကဋ္ဌ (ကိုယ်စား)၊
မျိုးညွန့်၊
ကောင်စီဝင်၊
နေပြည်တော်ကောင်စီ။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက် ( ၂၀၁၃ ခုနှစ်၊ မေလ ၃၁ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
### အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၃

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်
( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက် )

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ လွှဲပြောင်းအမှုထမ်းဆောင်သော လဝက - ၁၆၃၅၉၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်အောင်အား လစ်လပ်လျက်ရှိသည့် လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရာထူးနေရာ၌ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့မှစ၍ ခန့်ထားလိုက်သည်။

ဇော်သန်းသင်း၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး။

### ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်
( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၁ ရက် )

အမှတ် ၁ ။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၃) ခွင့်ပြုချက်အရ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ရုံးချုပ်မှ ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ဦးဇင်အောင်အေးအား ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့မှစ၍ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)၊ စီမံရေးရာဌာနရှိ ဌာနမှူး လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) နေရာသို့ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည်။

အမှတ် ၂။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၃) ခွင့်ပြုချက်အရ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်) မှ အောက်ဖော်ပြပါ အရာထမ်းများအား ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့မှစ၍ ယှဉ်တွဲပါရာထူးနေရာများသို့ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည် -

| **စဉ်** | **အမည်/ရာထူး/ဌာန/<br>လစာနှုန်း** | **တိုးမြှင့်မည့်ရာထူး/ဌာန/<br>လစာနှုန်း** |
|---|---|---|
| ၁။ | ဦးကျော်ဇံလှ<br>တွဲဖက်ပါမောက္ခ/ဒု-ဌာနမှူး<br>အရှေ့တိုင်းပညာဌာန<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) | ပါမောက္ခ/ဌာနမှူး<br>အရှေ့တိုင်းပညာဌာန<br>(၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) |
| ၂။ | ဒေါ်နုနုဆွေ<br>တွဲဖက်ပါမောက္ခ<br>လျှပ်စစ်စွမ်းအားဌာန<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) | ပါမောက္ခ/ဌာနမှူး<br>လျှပ်စစ်စွမ်းအားဌာန<br>(၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) |
| ၃။ | ဒေါ်ခင်မေအောင်<br>တွဲဖက်ပါမောက္ခ<br>ကွန်ပျူတာသိပ္ပံဌာန<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) | ပါမောက္ခ/ဌာနမှူး<br>ကွန်ပျူတာသိပ္ပံဌာန<br>(၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) |
| ၄။ | ဒေါက်တာသူဇာအောင်<br>ကထိက<br>မနုဿဗေဒဌာန<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) | တွဲဖက်ပါမောက္ခ<br>မနုဿဗေဒဌာန<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) |
| ၅။ | ဒေါ်သန်းသန်းဝင်း<br>ကထိက<br>မြန်မာစာဌာန<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) | တွဲဖက်ပါမောက္ခ<br>မြန်မာစာဌာန<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) |
| ၆။ | ဒေါ်သိန်းသိန်းဝင်း<br>ကထိက<br>တိုင်းရင်းသားရေးရာဌာန<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) | တွဲဖက်ပါမောက္ခ<br>တိုင်းရင်းသားရေးရာဌာန<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) |
| ၇။ | ဒေါ်စုစုယဉ်<br>ဌာနစုမှူး<br>စီမံရေးရာဌာန<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) | ဌာနခွဲမှူး<br>စီမံရေးရာဌာန<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) |
| ၈။ | ဒေါ်ချိုချိုခိုင်<br>လက်ထောက်ကထိက<br>ပထဝီဝင်ဌာန<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) | ကထိက<br>ပထဝီဝင်ဌာန<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) |

| စဉ် | အမည်/ရာထူး/ဌာန/ လစာနှုန်း | တိုးမြှင့်မည့်ရာထူး/ဌာန/ လစာနှုန်း |
|---|---|---|
| ၉။ | ဒေါ်မြင့်မြင့်စန်း<br>လက်ထောက်ကထိက<br>ဓာတုဗေဒဌာန<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) | ကထိက<br>ဓာတုဗေဒဌာန<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) |
| ၁၀။ | ဒေါ်မြင့်မြင့်စိန်<br>လက်ထောက်ကထိက<br>မြို့ပြဌာန<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) | ကထိက<br>မြို့ပြဌာန<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) |
| ၁၁။ | ဒေါ်နန္ဒာလင်းလင်းအေး<br>လက်ထောက်ကထိက<br>အီလက်ထရောနစ်ဌာန<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) | ကထိက<br>အီလက်ထရောနစ်ဌာန<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) |

အမှတ် ၃ ။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၃) ခွင့်ပြုချက်အရ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (စစ်ကိုင်း) မှ အောက်ဖော်ပြပါ အရာထမ်းများအား ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့မှစ၍ ယှဉ်တွဲပါရာထူးနေရာများသို့ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်/ရာထူး/ဌာန/ လစာနှုန်း | တိုးမြှင့်မည့်ရာထူး/ဌာန/ လစာနှုန်း |
|---|---|---|
| ၁။ | ဒေါက်တာခင်စန်းဝေ<br>တွဲဖက်ပါမောက္ခ<br>အရှေ့တိုင်းပညာဌာန<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) | ပါမောက္ခ/ဌာနမှူး<br>ပထဝီဝင်ဌာန<br>(၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) |
| ၂။ | ဦးတင်စိုး<br>ဌာနခွဲမှူး<br>စီမံရေးရာဌာန<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) | တွဲဖက်ပါမောက္ခ/ဒု-ဌာနမှူး<br>တိုင်းရင်းသားရေးရာဌာန<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) |
| ၃။ | ဦးကျော်ကျော်ဝင်း<br>ကထိက<br>မြန်မာစာဌာန<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) | တွဲဖက်ပါမောက္ခ<br>မြန်မာစာဌာန<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) |
| ၄။ | ဒေါက်တာရီရီဦး<br>လက်ထောက်ကထိက<br>သမိုင်းဌာန<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) | ကထိက<br>သမိုင်းဌာန<br>(တွဲဖက်ပါမောက္ခရာထူးကို<br>ကျောထောက်နောက်ခံပြု၍)<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) |

| စဉ် | အမည်/ရာထူး/ဌာန/ လစာနှုန်း | တိုးမြှင့်မည့်ရာထူး/ဌာန/ လစာနှုန်း |
|---|---|---|
| ၅။ | ဒေါ်သွယ်သွယ်ထွန်း<br>လက်ထောက်ကထိက<br>မြို့ပြဌာန<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) | ကထိက<br>မြို့ပြဌာန<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) |
| ၆။ | ဒေါ်ခင်ဖြူဖြူအောင်<br>လက်ထောက်ကထိက<br>သင်္ချာဌာန<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) | ကထိက<br>သင်္ချာဌာန<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) |
| ၇။ | ဦးဇော်မိုးဝင်း<br>လက်ထောက်ကထိက<br>ဓာတုဗေဒဌာန<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) | ကထိက<br>ဓာတုဗေဒဌာန<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) |
| ၈။ | ဦးသက်ခိုင်ဦး<br>လက်ထောက်ကထိက<br>စက်မှုစွမ်းအားဌာန<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) | ကထိက<br>စက်မှုစွမ်းအားဌာန<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) |
| ၉။ | ဒေါ်ခင်သန္တာထွေး<br>လက်ထောက်ကထိက<br>လျှပ်စစ်စွမ်းအားဌာန<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) | ကထိက<br>လျှပ်စစ်စွမ်းအားဌာန<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) |

စံရွှေအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

| | | | |
|---|---|---|---|
| ရန်ကုန်မြို့ | ၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက် ( ၂၀၁၃ ခုနှစ်၊ မေလ ၃၁ ရက် ) | | **သောကြာနေ့** |

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၄

### ZIN YAW PHYU GARMENT CO., LTD.

ဖျက်သိမ်းရန် ကြော်ငြာချက်

၁။ **ZIN YAW PHYU GARMENT CO., LTD.** ကို အစုရှင်များ ဆန္ဒအလျောက် ဖျက်သိမ်းရန် ၂၀၁၃ ခုနှစ်၊ မေလ (၂၅) ရက်နေ့က ကုမ္ပဏီရုံးခန်းတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ် (၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ (၂၁၀) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ (၂၁၀) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြော်ငြာလိုက်ပါသည်။

| | |
|---|---|
| Daw Moh Moh Lwin | ဦးဇင်ဝေ |
| Managing Director | B.Com., C.P.A |
| ZIN YAW PHYU GARMENT CO., LTD. | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

## GEO-PETRO MINING CO., LTD. ၏

အစုရှယ်ယာရှင်များ ဆန္ဒအလျောက်ဖျက်သိမ်းရန်ကြော်ငြာခြင်း

၁။ **GEO-PETRO MINING CO., LTD.** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၂၉-၅-၂၀၁၃) နေ့တွင် အမှတ် (၅/က)၊ မင်္ဂလာလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ကျင်းပသော သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးမြိုင် [B. Com (A.A), C.P.A] အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ပေးရန်နှင့်ရရန်ရှိသည်များကို တစ်လအတွင်း ဦးမြိုင် [B.Com (A.A), C.P.A] ထံ ဆက်သွယ်ဆောင်ရွက်ရန် ကြော်ငြာလိုက်ပါသည်။

Dr. MYO THI-HA
Managing Director
B.Sc (Geology)., D.A.G (Industrial/Ore Mineralogy)
Ph.D (Petroleum and Natural Gas Engineering)
BIU Madrid SPAIN
GEO-PETRO MINING COMPANY LIMITED

ဦးမြိုင်
[B.Com (A.A), C.P.A]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ်-၅၂၊ အိုးဘိုလမ်း၊ အိုးဘိုရပ်ကွက်၊
ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

## THITAGU TRADING COMPANY LIMITED

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ၊ ၂၀၈-င အရ ဖျက်သိမ်းဆဲ **THITAGU TRADING COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၃၀-၆-၂၀၁၃ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | နံနက် (၁၀း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | အမှတ်-၄၅၀၊ ၄ လွှာ၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်တင်တင်ကျော်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## ANNAWAR SHIPPING CO., LTD

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ၊ ၂၀၈-င အရ ဖျက်သိမ်းဆဲ **ANNAWAR SHIPPING CO., LTD** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၃၀-၆-၂၀၁၃ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | နံနက် (၁၀း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | အမှတ်-၄၅၀၊ ၄ လွှာ၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်တင်တင်ကျော်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## ကမ္ဘာ့အောင်မြင်သောကုန်သွယ်မှုလုပ်ငန်းဆိုင်ရာရင်းနှီးမြှုပ်နှံမှု သတ္တုထုတ်လုပ်မှုကုမ္ပဏီလီမိတက်
## (GLOBAL VICTORY MERCHANDIZING RELATED INVESTMENT MINING COMPANY LIMITED)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ
အစုရှယ်ယာရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၃ ခုနှစ်၊ မေလ (၂၃) ရက်နေ့တွင် ကျင်းပသော အစုရှင်များ၊ ဒါရိုက်တာများအားလုံး တက်ရောက်သည့် သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ **ကမ္ဘာ့အောင်မြင်သောကုန်သွယ်မှုလုပ်ငန်းဆိုင်ရာရင်းနှီးမြှုပ်နှံမှု သတ္တုထုတ်လုပ်မှုကုမ္ပဏီလီမိတက်**အား ၂၀၁၃ ခုနှစ်၊ မေလ (၂၃) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးဝင်းဌေးညွန့် (တရားလွှတ်တော်ချုပ်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်ခင်သန်းဦး (Royal Treasure Audit Firm) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်ခဲ့ပြီး ကုမ္ပဏီနှင့်ပတ်သက်၍ ရရန်ရှိသူများ၊ ပေးရန်ရှိသူများအားလုံးသည် ၂၀၁၃ ခုနှစ်၊ ဇွန်လ (၃၀) ရက်နေ့ကို နောက်ဆုံးထား၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးတင့်ဝေ
မန်နေးဂျင်းဒါရိုက်တာ
ကမ္ဘာ့အောင်မြင်သောကုန်သွယ်မှုလုပ်ငန်းဆိုင်ရာ
ရင်းနှီးမြှုပ်နှံမှု သတ္တုထုတ်လုပ်မှုကုမ္ပဏီလီမိတက်

ဦးဝင်းဌေးညွန့်
B.Sc (Hons:)., HGP., RL., D.B.L
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း - ၃၉၇၃၁၃

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ

**Golden 31st Trading Co., Ltd ကို**

ဆန္ဒအလျောက်ဖျက်သိမ်းရန် ကြေညာချက်

၁။ **Golden 31st Trading Co., Ltd** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၂၈-၅-၂၀၁၃) နေ့က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ်-၄၊ ပိတောက်လမ်း၊ (၆) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးခင်ဝင်း **B.A., H.G.P., R.L., D.B.L., D.I.L., D.M.L., P.G.D.I.T (New Delhi) ; D., Jap; M.P.A., M.A (B.L)** အား ခန့်အပ်ထားရှိရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို တစ်လအတွင်း ဦးခင်ဝင်းထံ ဆက်သွယ်ဆောင်ရွက်နိုင်ရန် ကြေညာလိုက်ပါသည်။

ဦးရဲအောင်
Managing Director
Golden 31st Trading Co., Ltd

ဦးခင်ဝင်း
B.A., H.G.P., R.L., D.B.L., D.I.L., D.M.L.,
P.G.D.I.T (New Delhi) ; D.Jap;
M.P.A., M.A (B.L)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ကုမ္ပဏီဖျက်သိမ်းကြောင်းကြော်ငြာ

အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

**မိုးကြိုးခြင်္သေ့ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုကုမ္ပဏီလီမိတက်**

**THUNDER LION INTERNATIONAL TRADING CO., LTD.**

၂၀၁၃ ခုနှစ်၊ မေလ (၂၉) ရက်နေ့တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ **မိုးကြိုးခြင်္သေ့ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုကုမ္ပဏီလီမိတက် THUNDER LION INTERNATIONAL TRADING CO., LTD.** အား ၂၀၁၃ ခုနှစ်၊ မေလ (၂၉) ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးဆန်းထွန်း (B.A., C.P.A., F.B.S.A) လက်မှတ်ရပြည်သူ့စာရင်းကိုင်အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၃ ခုနှစ်၊ ဇွန်လ (၂၈) ရက်နေ့ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

Zar Ni Htun
Managing Director
Thunder Lion International Trading Co., Ltd.

ဦးဆန်းထွန်း
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
(ဖျက်သိမ်းဆဲ)
မိုးကြိုးခြင်္သေ့ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု
ကုမ္ပဏီလီမိတက်

ပ၊ စ၊ လ - အမှတ် ၆၆၅/၁၂/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၀၀၀/၃၁-၅-၂၀၁၃။